ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

တယ်လီဖုန်း-၀၁-၆၅၈၁၃၃ | စာအမှတ် ၊ မရက- ၉ /မ-ထွေ / ၂၀၁၈ (၅၂၄၆ ၉၁)
ဖက်(စ်)-၀၁-၆၅၇၈၂၄ | ရက်စွဲ ၊ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၂ ရက်

အကြောင်းအရာ။ San Yamon Co., Ltd.မှ ဟိုတယ်လုပ်ငန်းဆောင်ရွက်ရန် ရရှိထားသည့် ကော်မရှင် ခွင့်ပြုမိန့်အား ပြန်လည်အပ်နှံခွင့်ပြုပါရန်တင်ပြလာခြင်းကိစ္စ

ရည်ညွှန်းချက်။ San Yamon Co., Ltd. ၏ ၁၀-၉-၂၀၁၈ ရက်စွဲပါစာ

၁။ San Yamon Co., Ltd. မှ ကော်မရှင်ခွင့်ပြုချက်ဖြင့် နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ၉/ဟိုတယ်ဇုန် အရှေ့ရပ်၊ ဥတ္တရသီရိဟိုတယ်ဇုန်၊ မြေကွက်အမှတ် (H -10) ရှိမြေ ၁၃ ဧက ပေါ်တွင် လုပ်ငန်းဆောင်ရွက်ခွင့် ရရှိထားသည့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းအား ဆက်လက်ဆောင်ရွက် နိုင်ခြင်းမရှိပါသဖြင့် ခွင့်ပြုမိန့် ပြန်လည်အပ်နှံခွင့်ပြုပါရန် ရည်ညွှန်းပါစာဖြင့် တင်ပြလာခြင်းအပေါ် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့တွင် ကျင်းပသည့် ကော်မရှင်၏ (၁၆/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးမှ ခွင့်ပြုမိန့် အမှတ် မနသ-၁၀၅၈/၂၀၁၅ အား ပြန်အပ်နှံခွင့်ပြုရန်ဆုံးဖြတ်ခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ ကော်မရှင် အစည်းအဝေးဆုံးဖြတ်ချက်အားသိရှိနိုင်ပါရန် နှင့် ကော်မရှင် ခွင့်ပြုမိန့် မူရင်းအား ဤကော်မရှင်သို့ ပြန်လည်အပ်နှံရန် အကြောင်းကြားပါသည်။

ဥက္ကဋ္ဌ(ကိုယ်စား)
(အောင်နိုင်ဦး၊ အတွင်းရေးမှူး)

မန်နေဂျင်းဒါရိုက်တာ
San Yamon Co., Ltd.

မိတ္တူကို

ရင်းနှီးမြှုပ်နှံမှုဌာနခွဲ(၃)
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဦးစီးမှူးရုံး၊ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန၊
ရုံးလက်ခံ/ မျှောစာတွဲ

San Yamon (Rtd) 1-10-2018